# Business
## စီးပွားရေးကိစ္စဖြင့် ကာလတိုသွားရောက်ခြင်း



လက်တွေ့လုပ်ငန်းခွင်သင်တန်းဖြစ်ပါက သင်တန်းကာလမည်မျှပင်ဖြစ်ပါစေ “ကာလတိုနေထိုင်ခွင့်” ဗီဇာနှင့် အကျုံးမဝင်ကြောင်း သတိပြုစေလိုပါသည်။

☐ နိုင်ငံကူးလက်မှတ်
☐ ဗီဇာလျှောက်လွှာပုံစံ
☐ ဓာတ်ပုံ (၄၅ မီလီမီတာ X ၄၅ မီလီမီတာ၊ ၆ လအတွင်းရိုက်ကူးထားသောပုံ)
☐ လေယာဉ်လက်မှတ် (အသွားအပြန်) ကြိုတင်မှာထားကြောင်း အထောက်အထား
☐ စီးပွားရေးလုပ်ထားကြောင်း အထောက်အထားအဖြစ် အောက်ပါစာရွက်စာတမ်းများ
◇ ကုမ္ပဏီအွန်လိုင်းမှတ်ပုံတင်နှင့် Company Extract မိတ္တူ
◇ အလုပ်အကိုင်ထောက်ခံစာ (ရာထူး၊ အလုပ်စဝင်သည့်နေ့စွဲ၊ လစာတို့ကို ထည့်သွင်းဖော်ပြပါ။)
◇ မိမိလက်ရှိလုပ်ကိုင်နေသောကုမ္ပဏီထံမှ ခရီးသွားလာခွင့်ပေးသောစာ (ခရီးသွားရမည့်အကြောင်းရင်း၊ ကာလအပိုင်းအခြားတို့ကို ထည့်သွင်းဖော်ပြပါ။)
◇ ဂျပန်တွင်ပြုလုပ်မည့်လုပ်ငန်းများ၊ ယခင်ကစီးပွားရေးအပေးအယူလုပ်ကိုင်ခဲ့ဖူးသည့် စာရွက်စာတမ်း
- ထုတ်ကုန်သွင်းကုန်မှတ်ပုံတင်
- ကုမ္ပဏီအချင်းချင်းချုပ်ဆိုထားသော စာချုပ်
- သင်တန်းပို့ချမည့်ကုမ္ပဏီမှ သင်တန်းလက်ခံကြောင်းသဘောတူညီချက်နှင့် သင်တန်းအစီအစဉ်စသည်

သင်တန်းရက်အတိအကျ၊ သင်တန်းနေရာ၊ သင်တန်းတာဝန်ခံအမည်၊ လုပ်ငန်းခွင်လက်တွေ့ သင်တန်းရှိ/မရှိ၊ သင်တန်းထောက်ပံ့ကြေးအစရှိသည့် သင်တန်းလက်ခံမည့်ဘက်မှ သင်တန်းသားနှင့်ပတ်သက်၍ ငွေပေးချေမှုများရှိ/မရှိနှင့်ပတ်သက်၍ ထည့်သွင်းဖော်ပြပါ။

---

☐ ဂျပန်ဘက်မှ ဖိတ်ခေါ်မည့်အဖွဲ့အစည်းထံမှ ဖိတ်ခေါ်စာ
☐ နေထိုင်သွားလာမည့်အစီအစဉ် (နေ့ရက်၊ တည်းခိုမည့်နေရာ၊ ဆက်သွယ်ရန်တို့ကို ရေးသားဖော်ပြရန်)
☐ (လျှောက်ထားသူနှစ်ဦးအထက်ဖြစ်ပါက) လျှောက်ထားသူစာရင်း
☐ ဖိတ်ခေါ်မည့်အဖွဲ့အစည်းမှ ကုန်ကျစရိတ်ကျခံမည်ဆိုပါက အာမခံစာနှင့် ကုမ္ပဏီမှတ်ပုံတင် သို့မဟုတ် ကုမ္ပဏီအဖွဲ့အစည်း၏သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် စတော့အိတ်ချိန်း (Stock Exchange) ဈေးကွက်စာရင်းဝင်ကုမ္ပဏီဖြစ်ပါက SHIKIHO (မိတ္တူ)

**စာရွက်စာတမ်းများအားလုံးသည် ထုတ်ပေးသည့်ရက်စွဲမှ ၃လအတွင်း ဖြစ်ရမည်။**
**မြန်မာလိုရေးထားသော စာရွက်စာတမ်းများအားလုံးကို မူရင်းနှင့်ဘာသာပြန် (ဂျပန် သို့မဟုတ် အင်္ဂလိပ်) နှင့်မိတ္တူတစ်စောင်စီ တွဲ၍တင်ပါ။**
**အထူးတလည်ဖော်ပြထားခြင်းမရှိသော စာရွက်စာတမ်းများသည် မူရင်း (တစ်စုံ) တင်ပြရမည်။**

ပထမဆုံးအကြိမ် ဂျပန်နိုင်ငံသို့ သွားရောက်မည့်သူများ၊ သွားမည့်ရည်ရွယ်ချက်၊ တစ်ဦးချင်းစီ၏ အခြေအနေစသည်တို့ပေါ်မူတည်၍ အခြားလိုအပ်သော စာရွက်စာတမ်းများ ထပ်မံတင်ပြရန် တောင်းဆိုမှုများရှိနိုင်ပြီး လျှောက်ထားသူနှင့် အင်တာဗျူးခြင်း၊ ဂျပန်၏ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စစ်ဆေးခြင်းစသည်များ ပြုလုပ်ရန်လည်း လိုအပ်နိုင်ပါသည်။ အဆိုပါအခြေအနေမျိုးတွင် ဂျပန်နိုင်ငံသို့ထွက်ခွာရန်စီစဉ်ထားသောနေ့အထိ စီစစ်၍မပြီးနိုင်သည်များလည်းရှိသောကြောင့် အချိန်ယူ၍ စောလျှင်စွာ လျှောက်ထားစေလိုပါသည်။
(လျှောက်ထားသည့်ရက်မှ ၁၀ ရက်ကျော်သည်အထိ သံရုံးမှအကြောင်းကြားခြင်းမရှိလျှင် ဖုန်းဖြင့်လည်း စီစစ်မှုအခြေအနေကို စုံစမ်းမေးမြန်းနိုင်ပါသည်။ ထိုသို့မေးမြန်းရာတွင် လက်ခံဖြတ်ပိုင်း(စလစ်)တွင် ကပ်ထားသော ဘားကုဒ်နံပါတ်နှင့် လျှောက်ထားသူအမည်ကို ပြောပြရပါမည်။)